
ကျောင်းပိတ်ရက်ရှည် ပုံပြင်ဇာတ်လမ်းများ (၇)

mgyoe.com

# သူငယ်ချင်းကောင်းလေးဦး


သင်းမြမြကို
မြန် မာ ပြန် ဆို သည်



mgyoe.com

**The Wind in the Willows**

Based on a story by Kenneth Grahame
Retold by Lesley Sims
Illustrated by Mauro Evangelista




ကျောင်းပိတ်ရက်ရှည် ပုံပြင်ဇာတ်လမ်းများ(၇)

# သူငယ်ချင်းကောင်းလေးဦး

သင်းမြမြကို

မြန် မာ ပြန် ဆို သည်



TMMK0007

1,500.00 KS

ကျောင်းပိတ်ရက်ရှည် ပုံပြင်ဇာတ်လမ်းများ (၇) - သူငယ်ချင်းကောင်းလေးဦး။ သင်းမြမြကို
စာမျက်နှာ ၆၅ မျက်နှာ၊ ၁၄.၅ စင်တီ× ၂၀.၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး။ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း။ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း။ ရန်ကင်း။
၂၀၁၉၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

ကျောင်းပိတ်ရက်ရှည်
ပုံပြင်ဇာတ်လမ်းများ(၇)

# သူငယ်ချင်းကောင်းလေးဦး

သင်းမြမြကို
မြန်မာပြန်ဆိုသည်

ပထမအကြိမ်၊ ၂၀၀၉

mgyoe.com

mgyoe.com

mgyoe.com


ကျောင်းပိတ်ရက်ရှည် ပုံပြင်ဇာတ်လမ်းများ (၇)

mgyoe.com

# သူငယ်ချင်းကောင်းလေးဦး

သင်းမြမြကို

မြန် မာ ပြန် ဆို သည်




**The Wind in the Willows**


Based on a story by Kenneth Grahame

Retold by Lesley Sims

Illustrated by Mauro Evangelista

mgyoe.com



mgyoe.com
mgyoe.com



mgyoe.com

mgyoe.com


mgyoe.com



နွေဦးရာသီဟုဆိုလိုက်တာနဲ့ သူ့ရဲ့ကိုယ်ပိုင်အဓိပ္ပာယ်က ရှိပြီးဖြစ်ပါတယ်။
နွေဦးရာသီဟာ ကောင်းကင်မှာ ကြည်လင်သာယာပြီး တိုက်သောလေကလည်း
သန့်ရှင်းလတ်ဆတ်လျက်ရှိပါတယ်။ 'မိုးလ်'ဆိုတဲ့ ပွေးသတ္တဝါလေးကတော့
တစ်မနက်လုံး သန့်ရှင်းရေးတွေလုပ်နေလေရဲ့။
နောက်တော့ သူက အစာစားတယ်။

mgyoe.com

mgyoe.com




ပြီးတော့ ‘ပျင်းလိုက်တာ’လို့ ရေရွတ်ပြီး အပြင်ကိုထွက်ဖို့
သူ့ရဲ့မြေအောက်လမ်းအတိုင်း လျှောက်လာခဲ့လိုက်တယ်။

mgyoe.com

mgyoe.com

ပွေးလေးက အပြင်ကိုရောက်တာနဲ့ ခြေဆန့်လက်ဆန့်လုပ်လိုက်တယ်။
နေရောင်ခြည်အောက်မှာ သူ့ကိုယ်ကို ယိမ်းနွဲ့ပြီး
လှည့်ပတ်လို့ က,နေလိုက်သတဲ့။



mgyoe.com

သူငယ်ချင်းကောင်းလေးဦး

mgyoe.com

သူက ဟိုသည်လျှောက်သွားရင်းနဲ့ မြစ်တစ်စင်းနားကို ရောက်လာခဲ့တယ်။ သူက မြစ်ပြင်ကျယ်ကို တစ်ဖက်ကမ်းရောက်တဲ့အထိ ဖြတ်ကူးလိုက်တယ်။




သူ့ဘဝတစ်သက်တာမှာ အဲဒီလိုမျိုးမြစ်ကို တစ်ခါမှ မမြင်ဖူးခဲ့ပါဘူး။ ပွေးလေးက တော်တော်လေးကို ပျော်ရွှင်ကျေနပ်နေပါသတဲ့။

mgyoe.com

mgyoe.com

သူက မြစ်ပြင်ကျယ်ကို ကြည့်ကောင်းကောင်းနဲ့ ကြည့်နေတုန်း
မြစ်တစ်ဖက်ကမ်းမှာ အညိုရောင်ရှိတဲ့ သတ္တဝါတစ်ကောင် ပေါ်လာတာကို
တွေ့လိုက်ရသတဲ့။ အဲဒီသတ္တဝါကတော့ ရေကြွက်တစ်ကောင်ပါ။
ပွေးလေးနဲ့ ရေကြွက်တို့က တစ်ကောင်နဲ့တစ်ကောင်
အချိန်အတော်ကြာအထိ စိုက်ကြည့်လိုက်ကြတယ်။



mgyoe.com

mgyoe.com

ပွေးလေးကစပြီး နှုတ်ဆက်တယ်။

"ဟဲလို ..."

ဒီအခါ ရေကြွက်ကလည်း ပြန်မေးတယ်။

"မင်း ဒီဘက်ကမ်းကို ကူးခဲ့ပါလား"


"အင်း ... ခက်တာက ကျုပ် ရေမကူးတတ်ဘူးဗျ"

ဒီတော့ ရေကြွက်က လှေထဲကိုဝင်ပြီး ပွေးလေးရှိရာ

မြစ်တစ်ဖက်ကမ်းကို ကူးလာခဲ့လိုက်တယ်။

"လာ ... အထဲဝင်၊ သွားကြရအောင်" လို့


ရေကြွက်က ပွေးလေးကို ဖိတ်ခေါ်လိုက်တယ်။



mgyoe.com


mgyoe.com

ပွေးလေးက ရေကြွက်ကိုလက်ကမ်းပေးလိုက်တယ်။
ရေကြွက်က ပွေးလေးကို ဆွဲခေါ်ပြီး လှေပေါ်တင်ပေးလိုက်တယ်။
ပွေးလေးက အံ့ဩဝမ်းသာဖြစ်သွားပြီး ရေကြွက်ကို ခုလိုပြောလိုက်တယ်။
"ကျွန်တော် အရင်က လှေထဲကို တစ်ခါမှဝင်မစီးဖူးပါဘူး"
ဒီအခါ ရေကြွက်က တအားကို အံ့ဩသွားတာပေါ့။
"ဘာ ... တစ်ခါမှ လှေမစီးဖူးဘူး ... ဟုတ်လား၊
ဒါဆို ခင်ဗျား ဘယ်လိုလုပ်ပြီး ရပ်တည်နေနိုင်တာလဲ"



mgyoe.com

ရေကြွက်က ပွေးလေးအတွက်
အရမ်းအံ့သြရင်း
လှေကို လှော်သွားလိုက်တယ်။



နောက်ဆုံးမှာ လှေက ကမ်းနားတစ်ခုမှာ ထိုးဆိုက်သွားခဲ့တယ်။
ဒါပေမဲ့ ရေကြွက်က ကမ်းပေါ်မတက်ဘဲ လှေကို
ပြန်လှည့်ပြီး လှော်ခတ်လိုက်တယ်။

mgyoe.com

mgyoe.com


ပွေးလေးက လှေမှာ သေချာစွာပြန်ထိုင်ပြီး ခပ်လှမ်းလှမ်းရဲ့
ကမ်းပေါ်ကို လက်ညှိုးထိုးပြပြီး ရေကြွက်ကို မေးလိုက်တယ်။
''ဟောဟိုက သစ်တောကြီးမဟုတ်လား ကိုကြွက်''
ဒီအခါ ရေကြွက်က ပြန်ဖြေတယ်။



''ဟုတ်တယ် ... ကျုပ်ရဲ့သူငယ်ချင်း ဘက်ဒ်ဂျာက အဲဒီမှာနေတယ်လေ၊
ဒါပေမဲ့ ကျွန်တော်လည်း အဲဒီကို တစ်ခါမှ မရောက်ဖူးသေးပါဘူး၊
အဲဒီနေရာမှာ အသားစားဖျံတွေ၊ မြွေပါတွေနဲ့ မြေခွေးတွေ
အများကြီးရှိနေတတ်ကြတော့ အန္တရာယ်များလွန်းတယ်လေ''

mgyoe.com

mgyoe.com



ရေကြွက်က စကားတွေဆက်မပြောနိုင်သေးခင်မှာပဲ
ရေထဲကနေ အသားစားဖျံတစ်ကောင် ပေါ်လာတာကို ပွေးလေးက
မြင်သွားပြီး ရေကြွက်ကို လက်ညှိုးထိုးပြလိုက်တာပေါ့။
ဦးခေါင်းက အညိုရောင်ရှိနေပြီး သူတို့က
ပူစီဖောင်းတွေမှုတ်ပြီး ရေထဲကနေ
တက်လာလေ့ရှိတယ်လို့
ရေကြွက်က ပြန်ရှင်းပြလိုက်တယ်။


"ဟဲလို ... မင်းတို့နှစ်ယောက်စလုံးကို
မင်္ဂလာပါလို့ နှုတ်ဆက်ချင်ပါတယ်၊
ငါ ဒီနေ့ မြစ်ထဲမှာ အတော်များများနဲ့
တွေ့ကြုံခဲ့ပြီးပြီ၊ မစ္စတာဖားပြုပ်က
သူ့လှေအသစ်နဲ့၊ ကျန်တဲ့သတ္တဝါတွေကိုလည်း
တွေ့လိုက်ရသေးတယ်၊ ဒီနေ့ကတော့
မြင်မြင်ရသမျှအားလုံး အသစ်တွေချည်းပါပဲ"

mgyoe.com

mgyoe.com

ဦးခေါင်းညိုတဲ့ အသားစားဖျံက အဲဒီလို
ပြောဆိုနှုတ်ဆက်ပြီးတာနဲ့ ရေထဲကို
ငုပ်လျှိုးပျောက်ကွယ်သွားပါတော့တယ်။
ရေကြွက်က ပြုံးလိုက်တယ်။ ပြီးတော့
ပွေးလေးကို ရှင်းပြတယ်။

"မစ္စတာဖားပြုပ်ကတော့ အရာရာ
အသစ်တွေကိုပဲ စိတ်ဝင်စားတယ်၊
အသစ်ကနေ တဖြည်းဖြည်း ဟောင်းသွားခဲ့ရင်
သူက စိတ်မဝင်စားတော့ဘဲ နောက်ထပ်အသစ်ကို
ရှာချင်ပြန်တယ်လေ"



ရေကြွက်နဲ့ ပွေးလေးတို့က နေကျသွားတဲ့အထိ လှေထဲမှာထိုင်ရင်း
စကားပြောဖြစ်ခဲ့ကြတယ်။ ရေကြွက်က လှော်တက်ကိုကိုင်ပြီး
လှော်ခတ်နေတဲ့အနေအထားကို ပွေးလေးက စောင့်ကြည့်နေလိုက်တယ်။
ပွေးလေးက သူလည်း လှော်ချင်စိတ်ဖြစ်လာသတဲ့။

mgyoe.com



ဒါကြောင့် စိတ်လှုပ်ရှားစွာနဲ့
ရေကြွက်လှော်ခတ်နေတဲ့ လှော်တက်ကို
ရုတ်တရက်ဆွဲယူပြီး လှော်ခတ်ဖို့
ကြိုးစားလိုက်တယ်။






ဒါပေမဲ့ ကိုယ်အရှိန်မထိန်းနိုင်တာကြောင့်
လေထဲမှာ ခြေပစ်လက်ပစ် ယိမ်းထိုးသွားပြီး
နောက်ဆုံးမှာ ရေကြွက်ကိုယ်ပေါ်ကို
အပေါ်ကနေ တက်ထိုင်မိလျက်သား
ဖြစ်သွားပါသတဲ့။



mgyoe.com

ဒီအခါ ပွေးလေးက အရမ်းကိုကြောက်လန့်တကြားဖြစ်သွားပြီး
လှေနံဘေးကို အတင်းကုပ်ကပ်ပြီး ကိုင်ထားလိုက်သတဲ့။
နောက်ဆုံးမှာ လှေက ဟန်ချက်ပျက်သွားပြီး ရေကြွက်နဲ့ပွေးလေးတို့
နှစ်ကောင်စလုံး လှေမှောက်ပြီး ရေထဲကို ကျသွားပါတော့တယ်။
မြစ်ရေက အရမ်းအေးတော့ ပွေးလေးက ချမ်းနေရှာတယ်။



ပွေးလေးက ပါးစပ်ထဲရေဝင်ပြီး ဒုက္ခရောက်နေတော့
ရေကြွက်က သူ့ကို ရေမနစ်စေရအောင်
လက်နဲ့ အမိအရဖမ်းဆွဲထားလိုက်တာပေါ့။

mgyoe.com

mgyoe.com


ပွေးလေးက ဝမ်းနည်းစွာနဲ့ ငိုကြွေးတယ်။
"ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ"
ဒီအခါ ရေကြွက်က ပြုံးလိုက်တယ်။
"ကဲ ... ဝမ်းလည်းနည်းမနေနဲ့၊ ဒီအကြောင်းကို
ထပ်ပြီးစဉ်းစားမနေနဲ့တော့၊ ဟုတ်ပြီလား ...၊
ပျော်ပျော်နေစမ်းပါဗျာ၊ ခင်ဗျား အခုလို ကျုပ်နဲ့အတူ
လှော်ကားသွားရတာကို ပျော်ရွှင်ကျေနပ်နေတယ်
မဟုတ်လား၊ ခင်ဗျား ဘာမှပူမနေနဲ့
ခင်ဗျားကို ရေကူးသင်ပေးပါ့မယ်"



ရေကြွက်က အခုလိုချော့မော့ပြောဆိုလိုက်တော့
ပွေးလေးက ကျေနပ်သွားပါသတဲ့။ နောက်ဆုံးမှာ သူ့အပေါ်ကျေးဇူးရှိတဲ့
ရေကြွက်ရဲ့ပြောစကားတွေကို ခေါင်းညိတ်ပြီး သဘောတူလိုက်ပါတော့တယ်။

mgyoe.com

mgyoe.com




ရက်အနည်းငယ်ကြာပြီး ပွေးလေးက တစ်ခေါက်ပြန်လာတဲ့အချိန်မှာ
ရေကြွက်က ဘဲနဲ့ပတ်သက်တဲ့ ကဗျာတစ်ပုဒ်ကို ရေးစပ်နေသတဲ့။
"ကိုကြွက် ... ကျွန်တော်တို့ မစွတာဖားပြုပ်ဆီကို
ဒီနေ့အလည်သွားကြရင် ကောင်းမလား" လို့
ပွေးလေးက မေးလိုက်တယ်။

mgyoe.com

mgyoe.com

"ဟ ... ကောင်းတာပေါ့ဗျာ၊
ကျုပ်တို့ အခုချက်ချင်း သူ့ဆီကိုသွားရအောင်၊
မစ္စတာဖားပြုပ်ဆီ အလည်သွားလို့ ဘယ်တော့မှ
မှားတယ်ရယ်လို့ မရှိပါဘူး"
ရေကြွက်က ပြောပြောဆိုဆို လှေကို
အဆင်သင့်ထုတ်ပြီး နှစ်ကောင်သား
လှော်ခတ်သွားလိုက်ကြတယ်။



မစ္စတာဖားပြုပ်နေတဲ့ အိမ်ကြီးဆီရောက်တော့ ပွေးလေးက
အံ့အားသင့်သွားတယ်။ အိမ်ကြီးက ခမ်းနားထည်ဝါပြီး
မြက်ခင်းပြင်ကြီးလည်း ရှိတယ်။ ရေစပ်နားမှာဆောက်ထားတော့
အရမ်းကို လှပထည်ဝါနေတာပေါ့။

mgyoe.com